# ချင်းအမျိုးသားတပ်ဦး၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးထုတ်ပြန်ကြေညာချက်

(၁) ချင်းအမျိုးသားတပ်ဦး၏ပဥ္စမအကြိမ်ပါတီညီလာခံသက်တမ်း၊ ပဥ္စမအကြိမ် ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးကို ၂၀၁၂ခုနှစ် ဩဂုတ်လ(၂၄-၃၁) ရက်နေ့အထိ အိန္ဒိယ-မြန်မာ နယ်စပ် တနေရာတွင်အောင်မြင်စွာပြုလုပ်ခဲ့ကြသည်။ ယင်းအစည်းအဝေးတွင် ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များအပါအဝင် ပြည်တွင်းဆက်ဆံရေးရုံးတာဝန်ခံများ၊ဌါနဆိုင်ရာတာဝန်ခံများနှင့်အဓိပတိကောင်စီဝင်များလည်း တက်ရောက်ခဲ့ကြသည်။

(၂) အဆိုပါအစည်းအဝေးတွင်၂၀၁၂ခုနှစ်၊တတိယ(၄)လပတ်လုပ်ငန်းစဉ်များချမှတ်ခြင်း၊ဌါနဆိုင်ရာတာဝန်ခံများအစားထိုးခန့်အပ်ခြင်း၊စက်တင်ဘာလတွင်ကျင်းပမည့် တိုင်းရင်းသားလူမျိုးများညီလာခံ အတွက် ပြင်ဆင်မှုများပြုလုပ်ခြင်း၊ ဆက်ဆံရေးရုံးဆိုင်ရာကိစ္စရပ်များ၊ ချင်းအပစ်အခတ်ရပ်စဲခြင်း လေးစားလိုက်နာစောင့်ကြည့်ရေးအဖွဲ့ဖွဲ့စည်းရေးဆိုင်ရာကိစ္စရပ်တို့အပြင် ပါတီနှင့် တပ်ပိုင်းဆိုင်ရာအရေးကြီးသော ကိစ္စရပ်များဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

(၃) Dr. Andrew Ngun Cung Lian သည် ပါတီတာဝန် ထမ်းဆောင်နေစဉ် ပါတီဖွဲ့စည်းပုံ အခြေခံဥပဒေ၊ နည်းဥပဒေများကိုချိုးဖောက်ပါသဖြင့်ဤဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးမှ ၎င်း၏ လက်ရှိတာဝန်ထမ်းဆောင်နေသော ဗဟိုတရားသူကြီးဥက္ကဌရာထူးအပါအဝင် ပါတီတာဝန်အသီးသီးမှ ရပ်ဆိုင်းရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြသည်။

(၄) သမ္မတ ဦးသိန်းစိန် အစိုးရအနေဖြင့် အစိုးရအဖွဲ့မှ ထိပ်တန်းပုဂ္ဂိုလ်များ၊ တပ်မတော်ဖက်မှ ထိပ်တန်းခေါင်းဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ နှင့် လုပ်ငန်းကော်မတီများ ကိုဖွဲ့စည်းခြင်း၊အစိုးရဝန်ကြီးများအပြောင်းအလဲပြုလုပ်ခြင်း၊ တချို့ပုဂ္ဂိုလ်များအား နာမည်ပျက်စာရင်းမှပယ်ဖျက်ခြင်းများသည်ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် အထောက်အကူပြုမည်ဟုယူဆပါသဖြင့် ဤဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးမှ ကြိုဆိုသည်။

(၅) အပစ်အခတ်ရပ်စဲရေးအဆင့်မှ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအဆင့်သို့တက်လှမ်းမည်ဖြစ်ပါသဖြင့်ဤဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးမှ"ချင်းအမျိုးသားတပ်ဦး၏ငြိမ်းချမ်းရေးကော်မတီ" အသစ် တရပ်ကိုဖွဲ့စည်းလိုက်သည်။ ယင်းကော်မတီအားဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ အဓိပတိကောင်စီ

Chin National Front – General Headquarters, Chinland

ဝင်များနှင့် ချင်းအမျိုးသားတပ်မတော် ထိပ်ပိုင်းခေါင်းဆောင်များပါဝင်သည့် (၂၃) ဦး ကော်မတီ ဖြင့် ဖွဲ့စည်းထားပြီး ယင်းအဖွဲ့အား ချင်းအမျိုးသားတပ်ဦး၏ ဥက္ကဋ္ဌ နှင့် အထွေထွေအတွင်းရေးမှူးချုပ်တို့က ဦးဆောင်သွားမည်ဖြစ်သည်။

(၆) ဤဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးမှ ဒုတိယအကြိမ်ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင်သွားရောက်မည့်အဖွဲ့အား ရွေးချယ်ခြင်း၊ဆွေးနွေးမည့်ကိစ္စရပ်များချမှတ်ခြင်း၊ နေရာနှင့်အချိန်ကာလ ရွေးချယ်သတ်မှတ်ခြင်းများပြုလုပ်ခဲ့ကြသည့်အပြင် ဆွေးနွေးပွဲ စောင့်ကြည့်လေ့လာမည့်ပုဂ္ဂိုလ်များ၊ သတင်းမီဒီယာများ နှင့် ဆွေးနွေးပွဲသွားရောက်စဉ် ပြည်သူ့သူ့တွေ့ဆုံပွဲ၊ ပြည်တွင်းနိုင်ငံရေးပါတီများနှင့် တွေ့ဆုံပွဲများ ပြုလုပ်သွားရေးကိုပါ ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

(၇) ချင်းအမျိုးသားတပ်ဦးအနေဖြင့် ပြည်ထောင်စုအစိုးရနှင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရာတွင် ပြည်သူလူထု၏ အမြင်၊သဘောထားများနှင့်လိုအင်ဆန္ဒများကို အဓိကထား၍ လက်ကိုင်ပြုဆွေးနွေးသွားမည်ဖြစ်သည်။ လက်ရှိတွေ့ဆုံဆွေးနွေးရေးဖြစ်စဉ်များသည် ချင်းပြည်သူတရပ်လုံးပါဝင်သော ဆွေးနွေးရေး ဖြစ်စဉ်များဖြစ်ရမည်ဟု အခိုင်အမာယုံကြည်ထားသည့်အလျောက် ချင်းအမျိုးသားများနှင့် ချင်းပြည်သူများ အနေဖြင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်များတွင် တက်တက်ကြွကြွ ပါဝင်ပေးကြပါရန် တိုက်တွန်းနှိုးဆော်လိုပေသည်။

(၈) ချင်းအမျိုးသားတပ်ဦးအနေဖြင့် မည်သို့သောနိုင်ငံရေးအလှည့်အပြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု နှင့် အပြင်ပန်းသဏ္ဍာန်အရ ပြောင်းလဲမှုတစုံတရာ ရှိနေစေကာမူ ချင်းအမျိုးသားတို့၏ ကိုယ့်ကြမ္မာကိုယ်ဖန်တည်းပိုင်ခွင့် ပြန်လည်ရရှိရေး၊ ဒီမိုကရေစီရေး နှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် ချင်းအမျိုးသားတရပ်လုံးနှင့်အတူ အောင်ပွဲခံသည်အထိ တစိုက်မတ်မတ် ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်သည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး

ရက်စွဲ၊ ၂၀၁၂ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့

Chin National Front – General Headquarters, Chinland